■ သူနာပြုလာကြည့်ခြင်းနှင့်ဘဝဆည်းဆာအိမ် (Visiting Nurse & Hospice Care) ဆိုတာ ပိုက်ဆံတတ်နိုင်/မတတ်နိုင်တာကိုပမာမပြုဘဲ လူနာတိုင်းကိုလက်ခံပြီး လူမှုအဝန်းအဝိုင်းကို အလုပ်အကျွေးပြုလာတာ နှစ်တရာကျော်ရှိပြီဖြစ်တဲ့ဒေသအခြေခံအကျိုးအမြတ်မမျှော်ကိုး တဲ့ အေဂျင်စီဖြစ်ပါတယ်။

■ ဘဝဆည်းဆာဂေဟာနဲ့ အိမ်တိုင်ယာရောက်စောင့်ရှောက်မှုက ဝါရင့်ဝန်ထမ်းတွေ၊ ကျွမ်းကျင်ဆရာဝန်တွေနဲ့ အားဖြည့်လုပ်ဆောင်နေတာဖြစ်ပါတယ်။

■ လူနာရှိရာသွားပြီးစောင့်ရှောက်တာ၊ အသက်ကယ်ဌာနမှာထားပေးတာ၊ စောင့်ရှောက်ရေး ဂေဟာ ဒါမှမဟုတ် ကုတင် ၁၄ လုံးဆန့် ကိုယ်ပိုင်လူနာဆောင်မှာတင်ပြီး စောင့်ရှောက် ပေးတာမျိုးလည်းရှိပါတယ်၊

■ ဘဝဆည်းဆာဂေဟာဆိုတာ အိမ်တိုင်ယာရောက်စောင့်ရှောက်ရေးနဲ့ ဘဝဆည်းဆာ ဂေဟာမှာလုပ်မယ်လို့ ပိုင်းဖြတ်ထားတဲ့ လက်မှတ်ရလူနာစောင့်တွေ၊ ဝန်ထမ်းတွေနဲ့ အတူ အင်ဒီယားနား အရှေ့မြောက်ပိုင်းမှာ လွတ်လွတ်လပ်လပ်ရပ်တည်နေတဲ့ တခုတည်းသော ဂေဟာဖြစ်ပါတယ်။

## ပေးနိုင်တဲ့ ကတိကဝတ်တွေကတော့ ...

■ လူနာကို အခုချက်ခြင်းဘယ်ဆေးရုံဘယ်ဆရာဝန်နဲ့ ပြောင်းပြီးကုရမယ်ဆိုတာတွေကို တနာရီအတွင်းညွှန်းပေးပြီး ညွှန်းပေးလိုက်တာအားလုံးကိုလည်း အဲဒီ တရက်တည်းမှာပဲ အပြီးအစီးလုပ်ပေးနိုင်ပါတယ်။

■ လူတဦးချင်းအလိုက်ပေးထားတဲ့ရက်ချိန်းတွေမှာရောက်လာမယ့် ဘဝဆည်းဆာဂေဟာ အဖွဲ့ဝင်တွေဟာလူနာနဲ့ လူနာရှင်တွေရဲ့ လိုအပ်ချက်တွေအတိုင်း တာဝန်ကျေကျေလုပ်ပေး ပါတယ်။

■ ပထမဦးဆုံးအဆက်အသွယ်ရလိုက်တာနဲ့ ဘဝရဲ့နောက်ဆုံးအချိန်နဲ့ပတ်သက်လို့ သင့်တော်မယ့် လမ်းညွှန်ချက်ကိုစပေးပါတယ်။

■ လူနာကိုအိမ်မှာပဲထားပြီး ပေါ်လာတဲ့ရောဂါလက္ခဏာတွေပွားမလာအောင် ဘယ်လို ထိန်းထားမလဲ။ ပြင်းထန်တဲ့ဝေဒနာမခံစားရအောင် ဘယ်လိုကြိုတင်ကာကွယ်ပေးမလဲ ဆိုတာကို နာရီမလပ် ကြည့်ရှုဖြည့်ဆည်းပေးပါတယ်။

■ ပူပန်ကြောင့်ကြရတာ စိတ်အလိုမကျဖြစ်ရတာတွေတွေ့တိုင်း ချက်ခြင်းတုန့်ပြန် လုပ်ဆောင် ပေးပါတယ်။

■ ရုံးပိတ်ရက်မို့ စနေ၊တနင်္ဂနွေမို့လို့ဆိုတာမျိုး မရှိပါဘူး။ တရက်မှာ ၂၄ နာရီ တပတ်မှာ ၇ ရက်အပြည့် စောင့်ရှောက်မှုမျိုးဖြစ်ပါတယ်။

■ စောင့်ရှောက်ရေးဂေဟာမှာနေတဲ့လူနာအတွက်ကို "သင့်စိတ်တိုင်းကျ တို့ဆောင်ရွက် မည်" ဆိုတဲ့အစီအစဉ်ရှိပါတယ်။ လိုအပ်ရင် ဘဝဆည်းဆာဂေဟာမှာ အတွင်းလူနာ အဖြစ် တင်ပြီး လူနာစောင့်အပြည့်နဲ့ အချိန်ပြည့်စောင့်ရှောက်မယ်။

■ ပိုက်ဆံတတ်နိုင်/မတတ်နိုင်တာကိုပမာမပြုဘဲ လူနာတိုင်းကိုလက်ခံပြီး လူမှုအဝန်း အဝိုင်းကို အလုပ်အကျွေးပြုလာတာ နှစ်တရာကျော်ရှိပြီဖြစ်တဲ့ ဒေသအခြေခံ အကျိုးအမြတ် မမျှော်ကိုးတဲ့အေဂျင်စီဖြစ်ပါတယ်။

## ဘဝဆည်းဆာချိန်စောင့်ရှောက်ခြင်းနဲ့ပတ်သက်လို့ မကြာခဏမေးတတ်တဲ့ မေးခွန်းတွေကတော့

(မေး) ကင်န်ဆာရောဂါတခုတည်းအတွက်လား

(ဖြေ) ကင်န်ဆာ (Cancer) ရောဂါမှမဟုတ်ပါဘူး ရောဂါကျွမ်းမှန်သမျှအတွက် ဖြစ်ပါတယ်။ လေဖြတ်ခြင်း/ ခေါင်းတုန်လက်တုန်ရောဂါ/ ဦးနှောက်ပျက်ခြင်း (Stroke,Parkinson Disease,Dementia,ALS)၊ နှလုံးရောဂါ (Cardiac and Heart Desease) အဆုတ်ရောဂါ (lung Desease)၊ ကျောက်ကပ်ရောဂါ (Renal Failure)၊ အသဲရောဂါ (Liver Desease) ဆီးချိုရောဂါ (Diabetes)

(မေး) ဘယ်အချိန်ဟာ အကူအညီတောင်းသင့်တဲ့အချိန်ပါလဲ

(ဖြေ) ကုနေလို့လည်း ဘာမှဖြစ်လာတော့မှာမဟုတ်တော့ပါဘူးဆိုပြီး လက်လျှော့လိုက်တဲ့ အခါမှာ လူနာကိုသက်သောင့်သက်သာဖြစ်အောင်လုပ်ပေးဖို့ရာအဓိက အခြေခံရည်မှန်းချက် ဖြစ်ပါတယ်။

(မေး) ဘယ်လိုလူဟာ ဘဝဆည်းဆာအိမ်ဂေဟာစောင့်ရှောက်မှုနဲ့ကိုက်ပါသလဲ။

(ဖြေ) ဖြစ်နေတဲ့အခြေအနေက ဒီအတိုင်းသာနေသွားရမယ်ဆိုရင်ခံလှနောက်ခြောက်လ ဒါမှမဟုတ် ခြောက်လအောက်ပဲနေရတော့မယ်ဆိုတဲ့ လူနာမျိုးတွေအတွက်ပါ။ ဒီနေရာမှာ တခုပြောစရာရှိတာက စောင့်ရှောက်မှုကိုစောစောယူနိုင်လေလေ မိသားစုအတွက် အကျိုး ရှိလေလေဆိုတာပါပဲ။

(မေး) အဲဒီလိုလူနာမျိုးကို စောင့်ရှောက်မှုယူဖို့ဘယ်သူက ညွှန်းပေးနိုင်ပါသလဲ

(ဖြေ) လူနာကိုယ်တိုင်ရဲ့တောင်းဆိုမှုကိုလည်းလက်ခံသလို မိသားစုဝင်တယောက်ယောက်က ဖြစ်ဖြစ်၊ လူနာရဲ့ဆရာဝန်ကဖြစ်ဖြစ်၊ ဆေးရုံကဖြစ်ဖြစ်၊ ရေရှည်စောင့်ရှောက်ရေးဌာန ဒါမှမဟုတ် အသက်ကယ်ဆယ်ရေးဌာနကဖြစ်ဖြစ်၊ ဘုန်းတော်ကြီးတပါးပါးကဖြစ်ဖြစ်၊ မိတ်ဆွေတဦးဦးက ဖြစ်ဖြစ်၊ လူမှုအေဂျင်စီတခုခုကဖြစ်ဖြစ်၊ အခြားညွှန်းပေးနိုင်တဲ့နေရာဌာနတခုခုကဖြစ်ဖြစ် ညွှန်းပေးလိုက်ရင်လက်ခံပါတယ်။

(မေး) အချိန်ဘယ်လောက်အတွင်းစောင့်ရှောက်မှုကိုစတာပါလဲ။

(ဖြေ) ဖုန်းခေါ်လိုက်တာနဲ့ အဲဒီနေ့ကစပြီးလုပ်စရာရှိတာတွေကို ဆက်တိုက်လုပ်ပေးပါတယ်။

မေတ္တာဂရုဏာ။
သက်သောင့်သက်သာ၊
ကူညီထောက်ပံ့မှု၊

5910 Homestead Road
FortWayne, IN 46814
www.vnhh.org

အောက်ဖော်ပြပါဒေသတွေမှာနေထိုင်သူတွေအတွက်ဖြစ်ပါတယ်

ထပ်ပြီးသိချင်တာရှိရင် စုံစမ်းချင်တာရှိရင် ဖုန်း (၂၆၀)၄၃၅-၃၂၂၂ ကိုခေါ်ပါ။ သို့မဟုတ်အခ မဲ့ ဖုန်း ၁၈၀၀-၂၈၈-၄၁၁၁ ကို ခေါ်ပါ ၊ စီမံခန့်ခွဲရေးရုံးရဲ့ ရုံးချိန် က တနင်္လာကနေ သောကြာနေ့တိုင်း မနက် ၈ နာရီကနေ ညနေ ၅ နာရီအထိဖြစ်ပါတယ်။ သူနာပြုနဲ့လူနာချိတ်ထားတဲ့ဖုန်းကို တရက်၂၄ နာရီ တပတ်၇ ရက် ဖွင့် ထားပါတယ်။




# Hospice Care

## လူနာ၊ လူနာရှင်မိသားစုနဲ့ သူ့မိတ်ဆွေတွေအတွက် ရွေးချယ်စရာ။

## ကျွန်ုပ်တို့လူမှုအဝန်းအဝိုင်းမှာ စောင့်ရှောက်ပေးလာတာ နှစ်တစ်ရာကျော်ပါပြီ။

5910 Homestead Road,Fort Wayne,IN 46814
(260435-3222 or toll free in Indiana (800)288-4111
www.vnhh.org

ထပ်ပြီးသိချင်တာတွေ စုံစမ်းချင်တာတွေရှိ ရင် ဖုန်း (၂၆၀)၄၃၅-၃၂၂၂ ကို ခေါ်ပါ။ သို့မဟုတ်အခမဲ့ဖုန်း ၁၈၀၀-၂၈၈-၄၁၁၁ ကိုခေါ်ပါ၊ စီမံခန့်ခွဲရေးရုံးရဲ့ ရုံးချိန်ကတော့ တနင်္လာကနေ သောကြာနေ့တိုင်း မနက် ၈ နာရီကနေ ညနေ ၅ နာရီအထိဖြစ်ပြီး သူနာပြုနဲ့လူနာချိတ်ထား တဲ့ဖုန်းကို တရက်၂၄ နာရီ တပတ်ကို ၇ ရက် ဖွင့် ထားပါတယ်။

United Way
United Way of Allen County

ကျွန်ုပ်တို့ရဲ့စဉ်ဆက်မပြတ်တသမတ် စောင့်ရှောက်မှုကို ကာယကုထုံးဆိုင်ရာ ပညာရှင်တွေ၊ ကျန်းမာရေးအကူလုပ်သားတွေ၊ လူမှုလုပ်သားတွေ၊ သူနာပြုတွေ၊ လူနာရဲ့ဆရာဝန်တွေ၊ ဘဝဆည်းဆာဂေဟာစောင့်ရှောက်ရေးဆရာဝန်တွေ။ ဘာသာရေးဆိုင်ရာ အကျိုးတော်ဆောင်တွေ။ စေတနာ့ဝန်ထမ်းကူညီသူတွေ အပါအဝင် အပြန်အလှန်သေဝပ်နာခံမှုရှိပြီး ဝါရင့်လုပ်ဖေါ်ကိုင်ဖက်တွေကနေ ပံ့ပိုးဖြည့်ဆည်းပေးတာပါ

**လူနာ့ဆရာဝန်** – လူနာရဲ့ဆရာဝန်ကတော့ လူနာရဲ့မူလဆရာဝန်အဖြစ်နဲ့ လုပ်စရာရှိတာတွေကို ဆက်လုပ်ပေးနေမှာဖြစ်ပြီး စောင့်ရှောက်ရေးအစီအစဉ်ထဲမှာပါနေမှာဖြစ်ပါတယ်။

**ဘဝဆည်းဆာဂေဟာစောင့်ရှောက်မှုဆရာဝန်** –သူကတော့ လူနာရဲ့မူလ ဆရာဝန်ဖြစ်သူနဲ့အတူတွဲပြီး အနီးကပ်အလုပ်လုပ်မှာဖြစ်ပါတယ်။

**ကျွမ်းကျင်သူနာပြု** – မှတ်ပုံတင်သူနာပြုနဲ့ လိုင်စင်ရလုပ်ငန်းခွင် သူနာပြုတွေကတော့ လူနာကိုဘယ်လိုထားတာဟာ သက်သောင့်သက်သာဖြစ်တယ်ဆိုတာကို လူနာရှင်ကိုယ်တိုင် လုပ်တတ်အောင်သင်ပြပေးရင်းနဲ့ ပေါ်လာတဲ့ရောဂါလက္ခဏာတွေကို ပွားမလာအောင် ထိန်းထားပေးနေမှာဖြစ်ပါတယ်။

**လက်မှတ်ရလက်ထောက်သူနာပြုနဲ့ ကျန်းမာရေးအကူလုပ်သား** – သူတို့တွေကတော့ လူနာကိုရေမိုးချိုး အဝတ်အစားလဲ သန့်ရှင်းရေးစတဲ့ နေ့တဓူဝပြုစရာတွေကိုလုပ်ရာမှာ ကူညီညာလုပ်ပေးမှာဖြစ်ပါတယ်။

**စေတနာ့ဝန်ထမ်းများ** – လိုတာလေးလေးတွေဝယ်တာခြမ်းတာ၊ ဟိုသွားဒီသွား၊ သွားပေးရတာ။ လက်တိုလက်တောင်းကူပေးတာ။ လူနာကိုအဖေါ်လုပ်ပေးတာ။ လူနာစောင့်နားချိန်လေးမှာအစားဝင်ပေးတာ။

**လူမှုလုပ်သား** – သူကတော့ လူနာ/လူနာရှင် လိုအပ်ချက်တွေပေါ်မှာ ပြောဆို ဆွေးနွေးမှုတွေလုပ်ရပါတယ်။ အဲဒီအခါမျိုးမှာ အားမငယ်ရအောင် အားပေးစကားပြောတာလည်း လုပ်ပေးပါတယ်။ ဘယ်နေရာမှာ ဘယ်လိုလူမှုအထောက်အကူ ရနိုင်မယ်ဆိုတာကို ရှာပေးညွှန်ပေးရပါတယ်။ ဥပဒေနဲ့ပတ်သက်လို့ လိုအပ်မယ့် ရုံးလုပ်ငန်း စာရွက်စာတမ်းဆိုင်ရာတွေမှာလည်းကူပေးပါတယ်။

**ဘာသာရေးအကျိုးဆောင်များ** – လူနာနဲ့လူနာရှင်တွေအတွက် ကိုးကွယ်ရာဘာသာအလိုက် ဘာသာရေးအရပြုဖွယ်ရှိတာတွေကို အလေး အမြတ်ထားလုပ်ပေးပါတယ်။ ကျန်ရစ်သူတွေရဲ့ သောကပရိဒေဝအေးစေ ကြောင်းသက်ဆိုင်ရာဘာသာအလိုက် တရားဒေသနာတိုက်ကျွေးရေးများလည်းစီစဉ်ပေးပါတယ်။

## ရွေးချယ်ပိုင်ခွင့်

အကြုံးဝင်တဲ့ဒေသအတွင်းနေထိုင်သူလူနာတွေဟာ အထက်ကဖေါ်ပြထားတာတွေအားလုံးကိုဖြစ်ဖြစ် တခုချင်းစီကိုဖြစ်ဖြစ်ရွေးချယ်ခွင့်ရှိပါတယ်၊

*ဘဝဆည်းဆာချိန်စောင့်ရှောက်မှုဆိုတာ မေတ္တာဂရုဏာရှေ့ထားပြီး နောက်ဆုံး ထွက်သက် တိုင်စောင့်ရှောက်ပေးမခြင်းဖြစ်ပါတယ်။* ဘဝဆည်းဆာချိန်စောင့်ရှောက်မှုက ကုမရတော့တဲ့ရောဂါကျွမ်းလူနာတွေကို ပြုစုစောင့်ရှောက်ဖို့ရည်ရွယ်တာဖြစ်ပါတယ်။ ကျွန်ုပ်တို့ရဲ့မျှော်မှန်းချက်က ဘာသာတရားကနေ၊ စိတ်ပိုင်းနဲ့ရုပ်ပိုင်းအခြေအနေတွေကနေ ဘဝအရည်အသွေးတွေအကောင်းဆုံး ဖြစ်ထွန်းလာရေးပါ။ စောင့်ရှောက်မှုကို လူနာရဲ့အိမ်မှာဖြစ်ဖြစ်၊ ရေရှည်စောင့်ရှောက်ရေးဌာနမှာဖြစ်ဖြစ်၊ အသက်ကယ်ဆယ်ရေးဌာနမှာဖြစ်ဖြစ်၊ ဘဝဆည်းဆာဂေဟာမှာဖြစ်ဖြစ်လုပ်ပေးလို့ရပါတယ်။ ဆည်းဆာချိန်စောင့်ရှောက်မှုဆိုတာ ဘယ်သူတွေအတွက်လဲ။

■ ဖြစ်နေတဲ့ရောဂါက နေရလှနောက်ခြောက်လနဲ့ခြောက်လအောက်သာနေရတော့မယ့် သူတွေအတွက်၊

■ ကုထုံးလည်းဆုံးဆေးလည်းဆုံးလက်မှိုင်ချလိုက်ရတဲ့သူတွေအတွက်၊

■ ရောဂါလက္ခဏာတွေပွားမလာအောင်၊ အနာအကျင်သက်သာအောင်လုပ်ပေးဖို့ လိုနေသူတွေအတွက်၊

ဆည်းဆာချိန်စောင့်ရှောက်မှုက ဘာတွေလုပ်ပေးနိုင်လဲဆိုတော့

■ လူနာ့ဆရာဝန်နဲ့ဆည်းဆာချိန်စောင့်ရှောက်ရေးဆရာဝန်ကပါ ဆေးဘက်ဆိုင်ရာဝန်ဆောင်မှုတွေပေးတာ၊

■ ဆည်းဆာချိန်စောင့်ရှောက်ရေးမှတ်ပုံတင်သူနာပြုများ၊ လိုင်စင်ရလုပ်ငန်းခွင်သူနာပြုများ အပါအဝင်ဝါရင့်သူနာပြုတွေလာကြည့်ရှုပေးတာ၊

■ မေးချင်တာတွေပေါ်လာရင်ဖြေပေးဖို့၊ အရေးပေါ်ကိစ္စရင်ခေါ်ဖို့၊ အိမ်ကိုလူလွှတ်ပြီး အကြည့်ပေးခိုင်းဖို့ ဖုန်းလိုင်းကို ၂၄ နာရီဖွင့်ထားပေးတာ

■ ဘဝအရည်အသွေး တိုးပွားလာဖို့လိုအပ်ရင် ကာယကုထုံးကုပေးတာ၊

■ လူမှုလုပ်သားတွေရဲ့ဝန်ဆောင်မှုပေးတာ၊

■ မိသားစုကျန်းမာရေးအကူလုပ်သားလွှတ်ပေးတာ၊

■ တရားရေအေးတိုက်ကျွေးတာ၊ တရားပြ၊ တရားချပေးတာ၊

■ စေတနာ့ဝန်ထမ်းတွေရဲ့ဝန်ဆောင်မှုတွေပေးတာ၊

■ ရောဂါလက္ခဏာတွေပွားမလာအောင် ဆေးပေးဆေးတိုက်တာ၊

■ လူနာနဲ့ လူနာရှင်တွေကို စိတ်ဓါတ်ရေးရာမြှင့်တင်ပေးတာ၊

■ ကျန်ရစ်သူမိသားစုတွေရဲ့ပရိဒေဝသောကတွေကိုနှစ်သိမ့်ပေးတာတွေလုပ်ပေးပါတယ်။

အောက်က ဆေးကုခွင့်အာမခံ၊ ကျန်းမာရေးအာမခံတွေဟာ စောင့်ရှောက်မှုအတွက် ကာမိပါတယ်……

■ မက်ဒီကဲယား (Medicare)

■ မက်ဒီကိဒ် (Medicaid)

■ ကိုယ်ပိုင်ကျန်းမာရေးအာမခံ (Private Insurance)

■ ကိုယ့်စရိတ်ဖြင့်ကိုယ်ပေးခြင်း (Private Payment)

■ ယူနိုက်တက်ဒ်ဝေး၏ ဘဏ္ဍာရေးအထောက်ပံ့ (United Way Finincial Assistance)

တကယ့်တကယ်ကတော့ သူနာပြုလာကြည့်ခြင်းနှင့် ဘဝဆည်းဆာချိန်ဂေဟာ **(Visiting Nurse & Hospice Home)** ဆိုတာက အကျိုးအမြတ်မမျှော်ကိုးတဲ့အေဂျင်စီ ဖြစ်ပါတယ်။ ကျွန်ုပ်တို့ရဲ့ လုပ်ငန်းဆောင်တာကလည်း ပိုက်ဆံတတ်နိုင်/မတတ်နိုင်အပထားလို့ လူနာတိုင်းကို လက်ခံစောင့်ရှောက်ရေးဖြစ်ပါတယ်။

ဆည်းဆာချိန်စောင့်ရှောက်ရေးဂေဟာက လူနာနဲ့လူနာရှင်တွေအဖို့ ကိုယ့်အိမ်ကိုယ့်ယာသဖွယ် တည်ငြိမ်အေးချမ်းတဲ့ဝန်းကျင်တခု ဖေါ်ဆောင်ဖန်တီးပေးထားပါတယ်။

ဆည်းဆာချိန်စောင့်ရှောက်ရေးဂေဟာနေ အောက်မှာပြထားတာတွေကို ဖြည့်ဆည်းပေးပါတယ်။

■ အတွင်းလူနာအဆင့်မှာဆိုရင် လူနာအသက်ရှူရမခက်အောင်၊ ရောဂါလက္ခဏာတွေပွားမလာအောင်ထိန်းပေးတာ၊ အနာအကျင်ကိုနည်းနိုင်သမျှနည်းအောင်လုပ်ပေးတာ။

■ နောက်ဆုံးထွက်သက်တိုင်စောင့်ရှောက်ရေးသူနာပြုကနေ ပြုစုပေးတာ။

■ သက်သက်သာသာနားနားနေနေလေးဖြစ်အောင်စောင့်ရှောက်ပေးတာ။

■ ဆည်းဆာချိန်စောင့်ရှောက်ရေးဂေဟာဆရာဝန်က တောက်လျှောက်လာကြည့်ပေးပြီး လူနာရှင်တွေနဲ့အတူ လူနာစောင့်ရှောက်ရေးပြောဆိုဆွေးနွေးတာ။

ဆည်းဆာချိန်စောင့်ရှောက်ရေးဂေဟာရောက်လူနာတွေက ဒါတွေရမှာ ဖြစ်ပါတယ်။

■ ငြိမ်းချမ်းတိတ်ဆိတ်ပြီး နားနားနေနေနေချင့်စဖွယ်ဝန်းကျင်။

■ မီးလင်းဖိုပါ မိသားစုစုံညီစကားပြောနိုင်မယ့်အခန်းကျယ်။

■ မီးဖိုချောင်နဲ့ထမင်းစားဖို့နေရာ။

■ လိုအပ်သူတွေအတွက် အထူးအစားအသောက်။

■ မိသားစုရေချိုးခန်းနဲ့ ကိုယ်လက်သန့်စင်ခန်း။

■ နေရောင်ကောင်းကောင်းရတဲ့ နေပူစာလှုံခန်း။

■ ထိုင်စရာနားစရာလေးတွေပါတဲ့ ပန်းခြံ။

လူမျိုး၊ ဘာသာ၊ ကျားမ၊ အသားအရောင်၊ ကိုးကွယ်ယုံကြည်မှုဘာကိုမှမခွဲခြားပဲ လူသားတိုင်းကို မေတ္တာ။ဂရုဏာအရှေ့ထားပြီး ဖြည့်ဆည်းပံ့ပိုးပေးပါတယ်။ လူမှုအဝန်းအဝိုင်း ကျန်းမာရေးဆိုင်ရာတရားဝင်ဖြစ်မှုအသိအမှတ်ပြုခန့်အပ်ခြင်းပရိုဂရမ်– **Community Health Accreditation Program (CHAP)**ရဲ့ အသိ အမှတ်ပြုခန့်အပ်လွှာရထားပြီးဖြစ်ပါတယ်။